အမေရိကန်ပြည်ထောင်စု တရားမျှတမှုဆိုင်ရာဌာန

# ပြည်သူ့အခွင့်အရေး ဌာနခွဲ

## ဒင်းဗားအစိုးရကျောင်းများ (Denver Public Schools, DPS) သဘောတူညီမှုဆိုင်ရာ အမိန့်နှင့်ပတ်သက်၍ သင်သိရှိထားသည့်အရာ

- ✓ အင်္ဂလိပ်ဘာသာစကား လေ့လာသင်ယူသူများ (English Language Learners, ELL) တွင် ကျောင်း၌ **အစီပွါယ်ရှိရှိနှင့် တန်းတူညီမျှ** ပါဝင်ခွင့် ရှိပါသည်။
- ✓ DPS ကျောင်းသားများအားလုံး ကျောင်း၌ပါဝင်လာနိုင်ရန် တန်းတူအခွင့်အလမ်းတစ်ရပ်ရရှိစေရန်အတွက် ELL များ အင်္ဂလိပ်ဘာသာစကားနှင့် အတန်းအဆင့်နှင့် လိုက်ဖက်သည့် အကြောင်းအရာကို လေ့လာသင်ယူနိုင်ရန် DPS အနေဖြင့် သတ်သတ်မှတ်မှတ်ရှိသော အဆင့်များလုပ်ဆောင်ရန်လိုအပ်ကြောင်း DPS သဘောတူညီမှုဆိုင်ရာ အမိန့်မှ ပြဋ္ဌာန်းထားပါသည်။
- ✓ သင့်ကလေးသည် စပိန်ဘာသာစကားပြော ELL တစ်ဦးဖြစ်ပါက သင်အနေဖြင့် ၎င်းတို့ကို မိခင်ဘာသာစကားပို့ချမှုကို စပိန်ဘာသာဖြင့်ပံ့ပိုးပေးပြီး အင်္ဂလိပ်ဘာသာဖြင့်လည်းသင်ကြားပေးသည့် အစီအစဉ်တစ်ခုတွင် အပ်နှံနိုင်ပါသည်။ အကယ်၍ သင့်ရပ်ကွက်ကျောင်းမှ မိခင်ဘာသာစကား ပို့ချမှုကို မပံ့ပိုးပေးပါက DPS မှ မိခင်ဘာသာစကားပို့ချမှု ပံ့ပိုးပေးသော ကျောင်းတစ်ကျောင်းသို့ ကြိုပို့စီစဉ်ပေးပါမည်။

**ELL (DPS အနေဖြင့် ဘာသာစကားစုံ ဘာသာစကား လေ့လာသင်ကြားသူများ သို့မဟုတ် “MLL” ဟုလည်း ခေါ်ဆိုသည်) မှာ အင်္ဂလိပ်ဘာသာစကား မကျွမ်းကျင်သည့် ကျောင်းသားများဖြစ်သည်။*

**သင့်အနေဖြင့် ဤသို့လိုအပ်လျှင် သင့်ကျောင်း၏စီမံရေး ဌာနက (အထွေထွေစာရေးတစ်ဦးကဲ့သို့) ဝန်ထမ်းတစ်ဦးနှင့် စကားပြောသင့်ပါသည် -**

1) သင်သည် ကျောင်းအစည်းဝေးပွဲများတွင် စကားပြန်တစ်ဦး ရယူလိုလျှင်၊ သို့မဟုတ်
2) သင့်ကလေး၏ ကျောင်းစာရွက်စာတမ်းများကို ဘာသာပြန်ဆိုလိုလျှင်။

**ဤသို့ဖြစ်လျှင် သင့်ကျောင်း၏ ကျောင်းအုပ်ကြီးနှင့် စကားပြောဆိုသင့်ပါသည် -**

1) သင့်အနေဖြင့် သင့်ကလေးကျောင်းရှိ အင်္ဂလိပ်ဘာသာစကား သို့မဟုတ် မိခင်ဘာသာစကားပံ့ပိုးမှုဆိုင်ရာ ဝန်ဆောင်မှုများနှင့်ပတ်သက်၍ မေးခွန်းများရှိလျှင်၊ သို့မဟုတ်
2) သင့်ကလေးအနေဖြင့် ၎င်းတို့လိုအပ်သည့် ဝန်ဆောင်မှုများ မရရှိဟု သင်ထင်လျှင်။

*သင့်ကျောင်းနှင့် စကားပြောဆိုပြီးနောက် ထပ်၍အကူအညီ လိုအပ်လျှင် DPS ၏ ဘာသာစကားစုံ ပညာရေး (Multilingual Education, MLE) ဌာန ဖုန်း (720) 423-2040 သို့ ခေါ်ဆို၍လည်းကောင်း သို့မဟုတ် ELAHotline_EGC@dpsk12.org သို့ အီးမေးလ်ပို့၍ လည်းကောင်း ဆက်သွယ်နိုင်ပါသည်*

ဤစာရွက်စာတမ်းမှ DPS သဘောတူညီမှုဆိုင်ရာအမိန့်ရှိ ပြဋ္ဌာန်းချက်အချို့ကို မီးမောင်းထိုးပြထားပါသည်။ ယင်း၌ သဘောတူညီမှုဆိုင်ရာအမိန့်ရှိ အရာအားလုံး မပါဝင်ပါ။ သဘောတူညီမှုဆိုင်ရာအမိန့်နှင့် DPS ၏ MLE ဌာနနှင့် ပတ်သက်သည့် ထပ်ဆောင်းအချက်အလက်များကို https://mle.dpsk12.org/about/ တွင် ကြည့်ရှုနိုင်သည်

အမေရိကန်ပြည်ထောင်စု တရားမျှတမှုဆိုင်ရာဌာန

# ပြည်သူ့အခွင့်အရေး ဌာနခွဲ

## သဘောတူညီမှုဆိုင်ရာအမိန့်အရ သင့်ကလေး၏ အခွင့်အရေးများမှာ အဘယ်နည်း။

*DPS အနေဖြင့် ELL အားလုံးကို ဖော်ထုတ်ပြီး ၎င်းတို့နှင့် ၎င်းတို့၏မိသားစုများကို ဝန်ဆောင်မှုအချို့ ပေးရမည်။*

**ကျောင်း၌ စာရင်းသွင်းခြင်း/ကျောင်းအပ်နှံခြင်း**

- သင့်ကျောင်းမှ အိမ်တွင် သင့်မိသားစု ပြောဆိုသည့် ဘာသာစကား၊ သင့်ကလေး ပထမဆုံးသင်ယူသည့် ဘာသာစကားနှင့် သင့်ကလေး မကြာခဏပြောဆိုသည့် ဘာသာစကားများကို မေးပါမည်။ ယင်းကို အိမ်သုံးဘာသာစကား စစ်တမ်းမေးခွန်းလွှာ (Home Language Questionnaire, HLQ) ဟု ခေါ်ပါသည်။
- HLQ ကို အင်္ဂလိပ်၊ စပိန်နှင့် အခြားဘာသာစကားများဖြင့် ရရှိနိုင်ပါသည်။ သင့်အနေဖြင့် ဘာသာပြန်ဆိုထားသည့် HLQ လိုအပ်ပါက သင့်ကျောင်း၏ အထွေထွေစာရေးကို မေးပါ။
- သင်၏ HLQ အဖြေများမှ အင်္ဂလိပ်ဘာသာမဟုတ်သည့် အခြားဘာသာစကားတစ်ခုကို ပြသနေပါက သင့်ကလေးမှာ ဘာသာစကားဝန်ဆောင်မှုရရှိရန် သတ်မှတ်အရည်အချင်း ပြည့်မီမှုရှိမရှိကိုသိရှိရန် ကျောင်းမှ သင့်ကလေးကို စစ်ဆေးရပါမည်။ သင့်အနေဖြင့် အဖြေသိရှိရန် စောင့်ဆိုင်းနေချိန်တွင် ကျောင်းမှ ယာယီဝန်ဆောင်မှုများကို ပံ့ပိုးပေးရမည်။
- သင့်ကျောင်းမှ သင့်ကျောင်းနှင့် အခြားကျောင်းများတွင် ရရှိနိုင်သည့် အင်္ဂလိပ်ဘာသာစကားပံ့ပိုးမှုဆိုင်ရာ ဝန်ဆောင်မှုများကို သင့်အား ပြောပြရမည်။
- သင့်ကလေး၏ အင်္ဂလိပ်ဘာသာစကားအစီအစဉ်ကို ရွေးချယ်ရမည်။ သင်ရွေးချယ်ခဲ့သောအစီအစဉ်ကို သင့်ကလေး၏ ကျောင်းအပ်နှံနေသည့်ကာလ၌ မည်သည့်အချိန်မဆို ပြောင်းလဲနိုင်ပါသည်။

*ELL များအနေဖြင့် ဘာသာစကား အခက်အခဲ အတားအဆီးများကို ကျော်လွှားနိုင်ရန် DPS မှ အင်္ဂလိပ်ဘာသာစကားဝန်ဆောင်မှုများကို ပံ့ပိုးပေးရမည်။*

**ပညာသင်နှစ်အတွင်း သင့်ကလေးမှာ အခွင့်အရေးတစ်ရပ် ရှိပါသည် -**

- အရည်အချင်းရှိသော ဆရာများမှ သင်ကြားပေးသည့် အတန်းနှင့်လျော်ညီသည့် အင်္ဂလိပ်ဘာသာစကား အစီအစဉ်၊
- ၎င်းတို့အား စာဖတ်နည်း၊ ရေးနည်း၊ စကားပြောနည်းနှင့် အင်္ဂလိပ်စာကို နားလည်အောင် သင်ကြားပေးသည့် အင်္ဂလိပ်ဘာသာစကားဖွံ့ဖြိုးမှုဆိုင်ရာ ပို့ချမှု၊
- ELL မဟုတ်သည့် အတန်းများနှင့် နှိုင်းယှဉ်နိုင်သည့် ELL အတန်းများအတွက် အရည်အသွေးရှိသော အကြောင်းအရာများနှင့် သင်ထောက်ကူပစ္စည်းများ
- ကျောင်းသားမှာ မသန်စွမ်းမှုရှိသည့် ELL ကျောင်းသားတစ်ယောက်ဖြစ်လျှင် အင်္ဂလိပ်ဘာသာစကား ဝန်ဆောင်မှုများနှင့် မသန်စွမ်းမှုဆိုင်ရာ ဝန်ဆောင်မှုများ နှစ်ရပ်လုံး။

*ELL များ တိုးတက်မှုရှိမရှိဆုံးဖြတ်ရန် DPS မှ အတန်းများ၊ စာမေးပွဲအမှတ်များနှင့် ဆရာများ၏ ထင်မြင်ချက်များကို သုံးသပ်ရမည်။ သင့်ကလေး၏ကျောင်းသည် သင်ထံသို့ တိုးတက်မှုမှတ်တမ်းများ ပေးပို့ခြင်းနှင့် မိဘ/ဆရာ ဆွေးနွေးပွဲများ ကျင်းပ၍ သင့်ကလေး၏ စွမ်းဆောင်ရည်ကို အသိပေးရမည်။*

## သဘောတူညီမှုဆိုင်ရာ အမိန့်အရ သင့်အခွင့်အရေးများမှာ အဘယ်နည်း။

- သင့်အနေဖြင့် အင်္ဂလိပ်စကားပြောမိဘများကဲ့သို့ တူညီသောအချက်အလက်များ ရရှိစေရန်အတွက် သင်နားလည်သည့် ဘာသာစကားဖြင့် DPS မှ မိဘများနှင့် ဆက်သွယ်ပြောဆိုရမည်။ DPS အနေဖြင့် အရည်အချင်းရှိသော ဘာသာပြန် သို့မဟုတ် စကားပြန်တစ်ဦး ပြန်ဆိုထားသည့် ဘာသာပြန် သို့မဟုတ် စကားပြန်ဆိုမှု ပံ့ပိုးပေးရမည်ဖြစ်ပြီး ဤဝန်ဆောင်မှုများအတွက် ကျောင်းသားများ၊ သွေးချင်းညီအစ်ကိုများ၊ သူငယ်ချင်းများ သို့မဟုတ် လေ့ကျင့်မထားသည့် ဝန်ထမ်းများကို အသုံးမပြုရ။
- သင့်ကလေးကို ELL အဖြစ် မသတ်မှတ်လျှင်ပင် DPS မှ ခရိုင်-သို့မဟုတ်-ကျောင်းအတွက် မရှိအဖြစ်အရေးပါသော အချက်အလက်များပါသည့် စာရွက်စာတမ်းများကို မိဘများ နားလည်သည့်ဘာသာစကားသို့ ဘာသာပြန်ဆိုပေးရမည် သို့မဟုတ် နှုတ်ဖြင့်စကားပြန်ပေးရမည်။ ၎င်းတွင် ပါဝင်သည်များမှာ -
  - ကျောင်းအပ်နှံရေးဖောင်ပုံစံများ
  - မှတ်တမ်းကတ်များ
  - မိဘနှင့် ကျောင်းသား လက်စွဲစာအုပ်များ
  - စည်းကမ်းဆိုင်ရာ အသိပေးချက်များ
  - ကျောင်းသားလှုပ်ရှားဆောင်ရွက်မှုများအတွက် ခွင့်ပြုစာများ
  - အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများ
  - ပင်ကိုယ်စွမ်းရည်နှင့် ပါရမီရှင်အစီအစဉ်များ
  - မဂ္ဂနက်နှင့် ချာတာကျောင်းများ
  - ကျန်းမာရေးနှင့် အများပြည်သူလုံခြုံမှု
- သင့်ကျောင်းတွင် အင်္ဂလိပ်ဘာသာစကားအစီအစဉ် တက်ရောက်နေသော ကလေးများရှိသည့် မိဘများမှ ရွေးချယ်ထားသည့် အဖွဲ့သားများပါသည့် မိဘအကြံပေးကော်မတီ (Parent Advisory Committee, PAC) တစ်ခု ရှိရမည်။ PAC ၏ ရည်ရွယ်ချက်မှာ အစီအစဉ်အကြောင်းနှင့် ပတ်သက်သော အချက်အလက်များကို မိဘများအား ပေးရန်၊ ELL မိဘများနှင့် DPS ကြား ဆက်သွယ်ရေးတိုးချဲ့ရန်၊ အစီအစဉ် အကောင်အထည်ဖော်ဆောင်မှုကို သုံးသပ်ရန်နှင့် မိဘများ၏စိုးရိမ်မှုများကို နားထောင်ရန် ဖြစ်သည်။ သင့်ကျောင်းမှ ပုံမှန် PAC အစည်းအဝေးပွဲများ ကျင်းပရမည်၊ သင်တက်ရောက်နိုင်ရန် ဤအစည်းအဝေးပွဲများအကြောင်း သင့်ကို ပြောပြရမည်ဖြစ်ပြီး အစည်းအဝေးပွဲများတွင် ဘာသာပြန် သို့မဟုတ် စကားပြန်ဝန်ဆောင်မှုများ ပံ့ပိုးပေးရမည်။

**DPS ၏ သဘောတူညီမှုဆိုင်ရာအမိန့်အား လေးစားလိုက်နာရေးနှင့်ပတ်သက်သည့် စိုးရိမ်မှုကိုသတင်းပေးတိုင်ကြားရန် -**

| | |
|---|---|
| DOJ ပြည်သူ့အခွင့်အရေး ဆင့်ခံဝက်ဘ်ဆိုက် https://civilrights.justice.gov | DOJ ရပ်ရွာအသိုက်အဝန်း ကမ်းလင့်ကူညီရေး စာတိုက် Community.DPS@usdoj.gov |